ရွေးချယ်တင်မြှောက်ပွဲ ကျင်းပရေးဆိုင်ရာ ကော်မီရှင်ဥပဒေ

မာတိကာ

အမှတ်စဉ်	အကြောင်းအရာ			စာမျက်နှာ
၁	နိဒါန်း	....	....	၁
၂	အခန်း(၁) အမည်၊ အသကာတည်ခြင်းနှင့် အဓိပ္ပာယ် ဖော်ပြချက်	....	....	၂
၃	အခန်း(၂) ကော်မီရှင်ဖွဲ့စည်းခြင်း	....	....	၃
၄	အခန်း(၃) ကော်မီရှင်၏တာဝန်နှင့်လုပ်ပိုင်ခွင့်များ	....	....	၄
၅	အခန်း(၄) အထွေထွေ	....	....	၆

ရွေးချယ်တင်မြှောက်ပွဲကျင်းပရေးဆိုင်ရာ ကော်မီရှင်ဥပဒေ

[၁၉၇၄ ခုနှစ်၊ ပြည်သူ့လွှတ်တော် ဥပဒေ အမှတ် ၆၊]

နိဒါန်း

အခြေခံဥပဒေ ပုဒ်မ ၁၈၂ ပုဒ်မခွဲ (က)၊ (ခ)၊ (ဂ)နှင့် (ဃ)တွင် ပြည်သူ့လွှတ်တော်နှင့် ပြည်သူ့ကောင်စီအဆင့်ဆင့်၏ သက်တမ်းမကုန်မီ၊ သို့မဟုတ် ယင်းတို့အနက်တရပ်ရပ်ကို သက်တမ်းမကုန်မီ ဖျက်သိမ်းခဲ့လျှင် ရွေးချယ်တင်မြှောက်ပွဲကျင်းပရေး ကော်မီရှင်ကို ဖွဲ့စည်းရန် ပြဋ္ဌာန်းထားသော်လည်း ရွေးချယ်တင်မြှောက်ရန် ကျန်ရှိနေသေးသည့် ပြည်သူ့ လွှတ်တော်နှင့် ပြည်သူ့ကောင်စီ အဆင့်ဆင့်၏ ပြည်သူ့ ကိုယ်စားလှယ် နေရာများနှင့် ယင်းတို့၏ပုံမှန်သက်တမ်းအတွင်း ရံဖန်ရံခါလစ်လပ်သော ပြည်သူ့ လွှတ်တော်နှင့် ပြည်သူ့ကောင်စီအဆင့်ဆင့်၏ ပြည်သူ့ကိုယ်စားလှယ် နေရာများကို ဖြည့်တင်းရန် ရွေးချယ်တင်မြှောက်ပွဲကျင်းပနိုင်ရေးအတွက် ရွေးချယ်တင်မြှောက်ပွဲကျင်းပရေးဆိုင်ရာ ကော်မီရှင်တရပ်ကို ဖွဲ့စည်းရန် လိုအပ်သည်ဖြစ်၍ ပြည်သူ့လွှတ်တော်သည် အောက်ပါ ဥပဒေကို ပြဋ္ဌာန်း လိုက်သည်။

အခန်း ၁

အမည်၊ အာဏာတည်ခြင်းနှင့် အဓိပ္ပာယ်ဖော်ပြချက်

၁။ (က) ဤဥပဒေကို ရွေးချယ်တင်မြှောက်ပွဲ ကျင်းပရေးဆိုင်ရာ ကော်မရှင်ဥပဒေဟု ခေါ်တွင်စေရမည်၊

(ခ) ဤဥပဒေသည် နိုင်ငံတဝန်းလုံးတွင် ချက်ချင်း အာဏာတည်ရမည်။

၂။ ဤဥပဒေတွင် ကော်မရှင်ဆိုသည့် စကားရပ်သည် ဤဥပဒေအရဖွဲ့စည်းသော ရွေးချယ်တင်မြှောက်ပွဲကျင်းပရေးဆိုင်ရာ ကော်မရှင်ကို ဆိုသည်။

အခန်း ၂

ကော်မရှင်ဖွဲ့စည်းခြင်း

၃။ (က) ပြည်သူ့လွှတ်တော်နှင့် ပြည်သူ့ကောင်စီ အဆင့်ဆင့်တွင် လစ်လပ်နေသေးသော သို့မဟုတ် ရံဖန်ရံခါလစ်လပ်လာသော နေရာများကို ရွေးချယ်တင်မြှောက်ပွဲဖြင့် ဖြည့်တင်းနိုင်ရန် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များနှင့် ဥပဒေအရ သတ်မှတ်ထားသည့် နိုင်ငံသားများ ပါဝင်သော ရွေးချယ်တင်မြှောက်ပွဲ ကျင်းပရေးဆိုင်ရာ ကော်မရှင်တရပ်ကို ဖွဲ့စည်းထားရှိရမည်၊

(ခ) ပြည်သူ့လွှတ်တော်က အခြေခံဥပဒေ ပုဒ်မ ၁၈၂ အရ ရွေးချယ်တင်မြှောက်ပွဲ ကျင်းပရေးကော်မရှင် တရပ်ကို ဖွဲ့စည်းသည့်နေ့တွင် ဤဥပဒေအရ ဖွဲ့စည်းသော ကော်မရှင်၏သက်တမ်းသည် ကုန်ဆုံးရမည်။

၄။ နိုင်ငံတော်ကောင်စီသည်—

(က) ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များနှင့် ဥပဒေအရ သတ်မှတ်ထားသည့် နိုင်ငံသားများဖြင့် ကော်မရှင်ကို ဖွဲ့စည်းရမည်၊

(ခ) ကော်မရှင် ဖွဲ့စည်းခြင်းကို ပြည်သူ့ လွှတ်တော်သို့ တင်ပြအတည်ပြုချက် ရယူရမည်။

အခန်း ၃

ကော်မရှင်၏တာဝန်နှင့် လုပ်ပိုင်ခွင့်များ

၅။ (က) ကော်မရှင်သည် ပြည်သူ့ လွှတ်တော်နှင့် ပြည်သူ့ကောင်စီ အဆင့်ဆင့်တွင် လစ် လပ် သော ပြည်သူ့ကိုယ်စားလှယ်နေရာများကို ဖြည့်တင်းရန် ရွေးချယ်တင်မြှောက်ပွဲများ ကျင်းပရေးအတွက် လိုအပ်သလို ဆောင်ရွက်ရမည်၊

(ခ) ကော်မရှင်၏ တာဝန်နှင့် လုပ်ပိုင်ခွင့်များသည်၊ ၁၉၇၃ ခုနှစ်၊ ပထမအကြိမ် ပြည်သူ့လွှတ်တော်နှင့် ပြည်သူ့ကောင်စီအဆင့်ဆင့် ရွေးချယ် တင်မြှောက်ပွဲ ကျင်းပရေး ကော်မရှင်ဥပဒေတွင် ပြဋ္ဌာန်းထားသည့် အတိုင်း ဖြစ်စေရမည်၊

(ဂ) ကော်မရှင်သည် ရွေးချယ်တင်မြှောက်ပွဲ ကျင်းပရာတွင် ၁၉၇၃ ခုနှစ်၊ ပထမအကြိမ် ပြည်သူ့လွှတ်တော်နှင့် ပြည်သူ့ကောင်စီအဆင့်ဆင့် ရွေးချယ်တင်မြှောက်ခြင်းဆိုင်ရာ ဥပဒေနှင့်နည်းဥပဒေတို့ကိုကျင့်သုံးရမည်၊

(ဃ) ကော်မီရှင်သည် လိုအပ်သောအမိန့်များ၊လုပ်ထုံးလုပ်နည်း များကို ထုတ်ပြန်နိုင်သည်။

၆။ ကော်မီရှင်နှင့်ပတ်သက်၍ ပုဒ်မ ၅ ပုဒ်မခွဲ (ခ) နှင့် (ဂ)တို့တွင် ဖော်ပြထားသော ဥပဒေ၊ နည်းဥပဒေတို့တွင်——

(က) " ပထမအကြိမ် ပြည်သူ့ လွှတ်တော် နှင့် ပြည်သူ့ကောင်စီ အဆင့်ဆင့် " ဆိုသောစကားရပ်မှ " ပထမအကြိမ် " ဟူသော စကားရပ်ကို ထုတ်ပယ်ပြီး ဖြစ်ဘိသကဲ့သို့ မှတ်ယူရမည်၊

(ခ) "ပြည်ထောင်စု မြန်မာနိုင်ငံ တော်လှန်ရေးကောင်စီ" သို့မဟုတ် "တော်လှန်ရေးကောင်စီ" ဟူသော စကား ရပ်အစား " နိုင်ငံတော်ကောင်စီ "ဟူသော စကားရပ်ကို အစားထိုးပြီးဖြစ်ဘိသကဲ့သို့ မှတ်ယူရမည်။

၇။ ကော်မီရှင်သည် မိမိ၏လုပ်ဆောင်ချက်များကို ပြည်သူ့လွှတ်တော် ပုံမှန် အစည်းအဝေးများသို့ နိုင်ငံတော် ကောင်စီမှတဆင့် အစီရင်ခံ ရမည်။

အခန်း ၄

အထွေထွေ

၈။ နိုင်ငံတော် ကောင်စီသည် ဤဥပဒေပါ ပြဋ္ဌာန်းချက်များကို အထမြောက်အောင် ဆောင်ရွက်နိုင်ရန် ဥပဒေအမိပ္ပာယ် ဖွင့်ဆိုခြင်း၊ ကော်မီရှင်အား ညွှန်ကြားခြင်းစသည်တို့ကို လိုအပ်သလိုပြုလုပ်နိုင်သည်။